
# မှော်ငါးကလေး



unicef

# မှော်ငါးကလေး



တစ်ခါတုန်းက အဘိုးအိုတစ်ယောက် ရှိတယ်။
အဘိုးအိုဟာ နေ့တိုင်းမြစ်ထဲမှာ ငါးသွားမျှားတယ်။
သူနဲ့ သူ့မိန်းမ စားဖို့ ငါးဖမ်းတာဖြစ်တယ်။





တစ်နေ့မှာတော့ သူဟာ အလွန်ထူးဆန်းတဲ့ ငါးတစ်ကောင်ကိုဖမ်းမိတယ်။ ငါးက စကားပြောတတ်တယ်။

မှော်ငါးကလေး ။ ။ ကျွန်တော်ဟာ မှော်ငါးဖြစ်ပါတယ်။
ကျွန်တော့်ကို လွှတ်ပေးရင် သင်အလိုရှိတာ ဘာမဆိုပေးပါမယ်။

အဘိုးအို ။ ။ သင်ဟာ မှော်ငါးဖြစ်တဲ့အတွက် သင့်ကိုလွှတ်ပေးမယ်။ ငါဘာမှမလိုချင်ပါဘူး။ ငါ့မှာအလုံအလောက်ရှိပါတယ်။





အဘိုးအိုဟာ အိမ်ပြန်သွားပြီး သူ့မိန်းမကို ငါးအကြောင်း
ပြောပြတယ်။

မိန်းမ ။ ။ ရှင် ဘာတောင်းလိုက်သလဲ။

အဘိုးအို။ ။ ဘာမှမတောင်းလိုက်ပါဘူး၊ ငါ့မှာ
လိုမှမလိုဘဲ။

မိန်းမ ။ ။ ရှင်ဟာ အရူးပဲ၊ ကျွန်မတို့မှာ လိုတာတွေ
အများကြီးပဲ၊ ဟင်းချက်စရာအိုးတွေ
အားလုံးဟာ ဟောင်းပြီး ပေါက်ကုန်ပြီ၊
အခုသွားပြီး ချက်စရာအိုးအသစ်တွေ
လိုတယ်လို့ သွားပြောလိုက်။





အဘိုးအိုဟာ မြစ်ကို ပြန်သွားတယ်။

အဘိုးအို။ ။ မှော်ငါးကလေး၊ မှော်ငါးကလေး၊
ငါ ဟင်းချက်ဖို့ အိုးအသစ်တွေ
လိုချင်တယ်။

မှော်ငါးကလေး ပေါ်လာတယ်။

မှော်ငါးကလေး။ ။ အိမ်ကိုပြန်သွားပါ၊ ဟင်းချက်စရာ
အိုးအသစ်တွေ ရပါလိမ့်မယ်။






အဘိုးအို အိမ်ကိုပြန်ရောက်သွားတဲ့အခါ ဟင်းချက်ဖို့ အိုးအသစ်တွေကို တွေ့ရတယ်။

မိန်းမ ။ ။ ရှင်ဒီ့ပြင် ဘာတွေ တောင်းခဲ့သေးသလဲ။

အဘိုးအို။ ။ ဘာမှမတောင်းလိုက်ပါဘူး၊
ငါ့မှာလိုမှမလိုဘဲ။

မိန်းမ ။ ။ ရှင်ဟာ အရူးပဲ၊ ကျွန်မတို့မှာ လိုတာတွေ
အများကြီးပဲ၊ ကျွန်မတို့အိမ်ဟာ သေးပြီး
အိုနေပြီ၊ အခုသွားပြီး အိမ်အသစ်
လိုတယ်လို့ သွားပြောလိုက်။






အဘိုးအိုဟာ မြစ်ကို ပြန်သွားတယ်။

အဘိုးအို။ ။ မှော်ငါးကလေး၊ မှော်ငါးကလေး၊
ငါအိမ်အသစ်တစ်လုံး လိုချင်တယ်။

မှော်ငါးကလေးပေါ်လာတယ်။

မှော်ငါးကလေး။ ။ အိမ်ကိုပြန်သွားပါ၊
အိမ်အသစ်တစ်လုံး ရပါလိမ့်မယ်။





အဘိုးအို အိမ်ပြန်ရောက်သွားတဲ့အခါ အိမ်အသစ်တစ်လုံး ကို တွေ့ရတယ်။

မိန်းမ ။ ။ ရှင်ဒါ့ပြင် ဘာတွေ တောင်းခဲ့သေးသလဲ။

အဘိုးအို။ ။ ဘာမှမတောင်းလိုက်ပါဘူး၊
ငါ့မှာလိုမှမလိုဘဲ။

မိန်းမ ။ ။ ရှင်ဟာ အရူးပဲ၊ ကျွန်မတို့မှာ လိုတာတွေ
အများကြီးပဲ၊ ကျွန်မတို့မှာ ပိုက်ဆံမရှိဘူး၊
အခုသွားပြီး ပိုက်ဆံတွေ အများကြီး
လိုတယ်လို့ သွားပြောလိုက်။





အဘိုးအိုဟာ မြစ်ကို ပြန်သွားတယ်။

အဘိုးအို။ ။ မှော်ငါးကလေး၊ မှော်ငါးကလေး၊
ငါပိုက်ဆံတွေ အများကြီးလိုချင်တယ်။

မှော်ငါးကလေးပေါ်လာတယ်။

မှော်ငါးကလေး။ ။ အိမ်ကို ပြန်သွားပါ၊
ပိုက်ဆံတွေအများကြီးရပါလိမ့်မယ်။





အဘိုးအို အိမ်ပြန်ရောက်သွားတဲ့အခါ ပိုက်ဆံတွေ အများကြီးကို တွေ့ရတယ်။

မိန်းမ ။ ။ ရှင်ဒို့ပြင် ဘာတွေ တောင်းခဲ့သေးသလဲ။

အဘိုးအို။ ။ ဘာမှမတောင်းလိုက်ပါဘူး၊
င့ါမှာလိုမှမလိုဘဲ။

မိန်းမ ။ ။ ရှင်ဟာ အရူးပဲ၊ ကျွန်မတို့မှာ လိုတာတွေ
အများကြီးပဲ၊ အခု သွားပြီး ကျွန်မကို
ငယ်ပြီးလှအောင် လုပ်ပေးပါလို့
သွားပြောလိုက်။





အဘိုးအိုဟာ မြစ်ကို ပြန်သွားတယ်။

အဘိုးအို ။ ။ မောင်ငါးကလေး၊ မောင်ငါးကလေး၊
ငါ့မိန်းမကို ငယ်ပြီး လှအောင်
လုပ်ပေးပါ။

မောင်ငါးကလေးပေါ်လာတယ်။

မောင်ငါးကလေး ။ ။ အိမ်ကို ပြန်သွားပါ၊
သင့် မိန်းမ ငယ်ပြီး လှနေပါလိမ့်မယ်။





အဘိုးအို အိမ်ပြန်ရောက်သွားတဲ့အခါ သူ့မိန်းမဟာ ငယ်ပြီးလှနေတာတွေ့ရတယ်။

မိန်းမ ။ ။ ရှင်ဒီ့ပြင် ဘာတွေ တောင်းခဲ့သေးသလဲ။

အဘိုးအို။ ။ ဘာမှမတောင်းလိုက်ပါဘူး၊ ငါ့မှာလိုမှမလိုဘဲ။

မိန်းမ ။ ။ ရှင်ဟာ အရူးပဲ၊ ကျွန်မတို့မှာ လိုတာတွေ အများကြီးပဲ၊ အခုသွားပြီး ကျွန်မကို ကမ္ဘာပေါ်မှာ တန်ခိုးအကြီးဆုံးလူဖြစ်အောင် လုပ်ပေးပါလို့ ပြောလိုက်ပါ။





အဘိုးအိုဟာ မြစ်ကို ပြန်သွားတယ်။


အဘိုးအို။ ။ မှော်ငါးကလေး၊ မှော်ငါးကလေး၊
ငါ့မိန်းမကို ကမ္ဘာပေါ်မှာ တန်ခိုး
အကြီးဆုံးလူဖြစ်အောင် လုပ်ပေးပါ။

မှော်ငါးကလေးပေါ်လာတယ်။

မှော်ငါးကလေး။ ။ သင်တောင်းတာတွေ များနေပြီ။

ပြောပြီး အဝေးကိုကူးသွားလိုက်တယ်။





အဘိုးအို အိမ်ပြန်ရောက်သွားတဲ့ အခါမှာတော့ သူ့ဟင်းချက်စရာအိုးတွေက ပျောက်နေပြီး ပေါက်နေတယ်။

သူ့အိမ်က သေးပြီးအိုနေတယ်။

နောက်ပြီး သူ့မိန်းမကလည်း အိုနေတယ်။

အဘိုးအို ။ ။ ငါ့မှာ ဘာမှမလို၊
အလုံအလောက် ရှိတယ်။







# မျှော်ငါးကလေး

သရုပ်ဖော် ဒီဖိုင်း သိန်းဝင်းအောင်



ယူနီဆက်မှ အခမဲ့ ဖြန့်ဝေသည်။
ရောင်းချရန် မဟုတ်ပါ။

ပညာ

unicef